မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

## ပြည်သူ့ စစ်မှုထမ်း ဥပဒေ (န အ ဖ ဥပဒေ အမှတ် ၂၇/၂၀၁၀) အား ဥပဒေ ရေးရာ သုံးသပ်ချက် ထုတ်ပြန်ခြင်း။

၁။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ - ၄ ရက်နေ့စွဲဖြင့် နိုင်ငံတော်ပြန်တမ်းတွင် ဖော်ပြထားသော အထက်ပါဥပဒေ၏ ပုဒ်မ ၁၁ တွင် "နိုင်ငံသားတဦးသည် ယင်းအား ပြည်သူ့စစ်မှုထမ်းအဖြစ် လက်ခံခွင့်ပြုသည့်နေ့မှစ၍ ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေကို လိုက်နာရမည်" ဟုပါရှိသည်။ နောက်ဆုံးပုဒ်မ ၃၃ တွင် "၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်း အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်"ဟုလည်း ဖော်ပြထားသည်။ နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲ မကျင်းပမီ ၃ ရက် အလိုကပင် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ကြောင်းတွေ့ရှိရသည်။

၂။ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၁၁ အရ မိန်းမများ စစ်မှုထမ်းအဖြစ် စာရင်းသွင်းနိုင်ခွင့်၊ သို့မဟုတ် အလုပ်လုပ်နိုင်ခွင့်၊ ပုဒ်မ- ၁၂ အရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းရေး အရာရှိ မျက်မှောက်တွင် လိုက်နာရန် နည်းလမ်း၊ ပုဒ်မ- ၁၃ အရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းနည်း၊ ပုဒ်မ-၁၄ အရ စစ်မှုထမ်းအဖြစ် စာရင်းသွင်းခြင်းခိုင်လုံမှု တို့ကို ဖော်ပြထားပြီးဖြစ်ပါသည်။ ဤဥပဒေသည် သက်ဆိုင်ရာ ဥပဒေပြုလွှတ်တော် မှ အက်ဥပဒေ အမှတ် -၄၃ အဖြစ် အတည်ပြုပြဋ္ဌာန်းထားသည့် တည်ဆဲ ဥပဒေဖြစ်ပါသည်။

၃။ ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေကို ဆက်လက်ကျင့်သုံးရန်၊ အတည်ပြု ပြဋ္ဌာန်း သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သည်၊ မလိုအပ်သည် ကိုလည်း ဥပဒေပြု လွှတ်တော်ကသာ ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ ပြည်သူ့ စစ်မှုထမ်း ဥပဒေ ကိုလည်း ဥပဒေပြု လွှတ်တော်ကသာ ပြဋ္ဌာန်းပိုင်ခွင့် ရှိပါသည်၊ ပြည်ထောင်စု လွှတ်တော် ကသာ ဆုံးဖြတ် ပြဋ္ဌာန်းရမည့် ဥပဒေမျိုးဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်း ဥပဒေ ပုဒ်မ ၁၁ တွင်ဖော်ပြထားချက်အရ ပြည်သူ့ စစ်မှုထမ်းအဖြစ် လက်ခံခွင့်ပြုသည့် နေ့မှစ၍ တပ်မတော်သား ဖြစ်သွားပေ သည်။ ထို့ကြောင့် ဤ ဥပဒေသည် စစ်သားစုဆောင်းရေး (စစ်သားကောက်သည့် ဥပဒေ) ဥပဒေ ဖြစ်နေသည်။ လက်ရှိတပ်မတော် အတွင်းမှ တပ်မှူးတပ်သား များ တပ်ပြေးများနေခြင်း၊ ပုံမှန် စစ်သားစုဆောင်းသည့် ပုံစံဖြင့် စုဆောင်း၍ မရနိုင်တော့ သဖြင့် အတင်းအကျပ် စစ်တပ်ထဲ ဝင်ခိုင်းရန် ပြဋ္ဌာန်းလိုက်သည့် ပြန်တမ်းဖြစ်နေပါ သည်။ ပြည်သူ့ဘဝ အေးချမ်းသာယာမှု၊ လုံခြုံမှုကို ခြိမ်းခြောက် စိုးရိမ်မှုများ တိုးပွားစေပါသည်။ အလွန်ပင် အန္တရာယ်ကြီးပါသည်။

၄။ ပြည်သူ့ စစ်မှုထမ်း ဥပဒေ ပုဒ်မ -၂၇ တွင် "ပုဒ်မ -၂၃ ပါ ပြစ်မှုကို ကျူးလွန်ကြောင်း စွဲဆိုသော အမှုတွင် ယင်းပျက်ကွက်မှုများနှင့် စပ်လျဉ်း၍ ခိုင်လုံသော အကြောင်းပြချက် ရှိကြောင်း သက်သေ ထင်ရှားပြသရန် တာဝန်သည် တရားခံ အပေါ်၌ ကျရောက်စေရမည်" ဟုဖော်ပြထားသည်။ မည်သည့် ဥပဒေတွင် မဆို စွပ်စွဲခံရသူ ဟုသာ သုံးပါသည်။ တရားခံ ဟု မည်သည့် ပြည်သူ တဦးတယောက် ကိုမျှ ခေါ်ဝေါ်သုံးစွဲရန် မသင့်ပါ။ ပြည်သူလူထုကို အာဃာတ ထားရာ သက်ရောက်သွားပါသည်။ ခြိမ်းခြောက် အကျပ်ကိုင်ခြင်း ဖြစ်ပါသည်။

ထို့ပြင် သက်သေခံ ဥပဒေ ပုဒ်မ- ၁၀၁ -တွင် ဖော်ပြထားသော "ဟုတ်မှန်သည် ဟုပြောဆိုလာလျှင် သက်သေခံတင်ပြရန် တာဝန်သည်၊ ၎င်းအပေါ်၌ ကျရောက်သည်။ ငြင်းဆိုသူ အပေါ်၌ ကျရောက်ခြင်း မရှိ" ဟုပြဋ္ဌာန်းထားပါသည်။ သက်သေပြရန်တာဝန်သည် ရာဇဝတ်မှုများတွင် တရားလိုအပေါ်တွင် သာကျရောက် ပါသည်။ သက်သေခံ ဥပဒေကို ချိုးဖောက်လာသည့် ဥပဒေပုဒ်မများ၏

အကျိုးဆက်မှာ ပြောင်းပြန်အကျိုးသက်ရောက်သည့် မတရားမှုများကိုသာ ဖြစ်ပေါ်စေပါသည်။

၅။ ပြည်သူလူထု ဘဝလုံခြုံရေး အတွက် အရေးကြီးသော ကိစ္စကြီးငယ်မှန်သမျှကို သက်ဆိုင်ရာနိုင်ငံ၏ အမြင့်ဆုံး ဥပဒေပြု လွှတ်တော်ကသာ ပြဋ္ဌာန်းကြရိုး နိုင်ငံတကာ ဓလေ့ထုံးစံရှိပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် - ၂၀ (၁) လူတိုင်းတွင် လွတ်လပ် အေးချမ်းစွာ စုဝေးနေနိုင်ခွင့် နှင့် ဖွဲ့စည်းနိုင်ခွင့် တို့ရှိသည်။ (၂) မည်သူ့ကိုမျှ အဖွဲ့အစည်း တခုသို့ ဝင်ရောက်စေရန် အတင်းအကျပ် မပြုရ။ ဟုအတိအလင်း ပြဋ္ဌာန်းထားချက်ကို အတင်းအဓမ္မ စစ်သားကောက်ရန် ပြဋ္ဌာန်းလာသည့် ပြည်သူ့စစ်မှုထမ်း ဥပဒေ က ပေါ်ပေါ်လွင်လွင် ချိုးဖောက်ကျူးလွန်ထားကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်တွင် ဥပဒေနှင့် အညီ အုပ်ချုပ်သော တရားဝင် အစိုးရ တရပ်၌ ရှိသင့်ရှိထိုက်သည့် အရည်အချင်းနှင့် ပြည့်စုံမှု လုံးဝမရှိကြောင်းကို ဤစစ်မှုထမ်းဥပဒေ ထုတ်ပြန်ခြင်းက သက်သေပြနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ဥပဒေ ရေးရာ သုံးသပ်ရေးအဖွဲ့<br>
မြန်မာ နိုင်ငံ ရှေ့နေများကောင်စီ<br>
( ၁၄ - ၁- ၂၀၁၀ )

အသေးစိတ် သိရှိလိုပါလျှင်-
ဦးမျိုး
(တာဝန်ခံ-ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့)
ဖုန်း ၀၈၆ ၂၁၆ ၀၁၀၈